# လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီ စည်း ရုံး ရေး စာ စဉ်

မတ်လ၊ ၂၀၂၄



## ဒီလစကား



from Internet

# မတ်လရန့်

မတ်လမှာ ရန့် ရှိတယ်။ မတ်လရန့် ဆိုတာ တော်လှန်ရန့် ဖြစ်တယ်။

လွန်ခဲ့တဲ့ (၇၉) နှစ် ၁၉၄၅ ခုနှစ်ရဲ့ ဒီမတ်လမှာ ရက်စက်ကြမ်းကြုတ်တဲ့ ဂျပန် ဖက်ဆစ် ဓါးပြလူရိုင်းတွေကို ဗမာ့မြေပေါ်က တော်လှန်မောင်းထုတ်ခဲ့ကြတယ်။ လွန်ခဲ့တဲ့ (၇၆) နှစ် ၁၉၄၈ ခုနှစ်ရဲ့ ဒီမတ်လမှာပဲ ဗမာပြည် ကွန်မြူနစ်ပါတီဟာ လက်နက်နဲ့ ဗိုလ်ကျ အနိုင်ကျင့်လာတဲ့ ဖဆ–ဆိုရှယ်အုပ်စု (ဖဆပလ–ဆိုရှယ်လစ်ပါတီ)ကို ခေါင်းငုံ့မခံ အံတုတော်လှန်ပြီး ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကို စတင်ခဲ့တယ်။ လွန်ခဲ့တဲ့ (၃) နှစ် ၂၀၂၁ ခုနှစ်ရဲ့ ဒီမတ်လမှာပဲ အာဏာသိမ်းစစ်အုပ်စုကို ဆန့်ကျင်ဆန္ဒပြကြတဲ့ လူမျိုးစုံဗမာပြည်သူတွေရဲ့ အထွေထွေသပိတ်ကြီးဟာ နွေဦးတော်လှန်ရေး–ပြည်သူ့ခုခံစစ်အဖြစ် တဆင့်တက်ခဲ့တယ်။

ဒ့ါကြောင့် ဥတုရာသီသဘာဝအရ ရွက်ဟောင်းကြွေ – ရွက်သစ်ဝေတဲ့ မတ်လ (ဗမာ့ပြက္ခဒိန်အရ နှစ်ဟောင်းကုန်ဆုံးတဲ့ တပေါင်းလ)ဟာ ရာသီနိမိတ်အရကို အဟောင်း ဖျက်ဖြိုပြီး အသစ်ဆီ မျှော်ရည်ရှေ့တိုးတတ်တဲ့သဘော၊ တော်လှန်ပြောင်းလဲတတ်တဲ့သဘောကို ဆောင်တယ်။ မတ်လရန့် ဆိုတာ တော်လှန်ရန့် ဖြစ်တယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ လူတွေရဲ့ ဖြတ်သန်းတိုးတက်ခဲ့ရတဲ့ လူမှုလက်တွေ့ကို လက်ခံမယ်၊ အဖိနှိပ်ခံတွေဘက်က ရပ်မယ်၊ ဘယ်လို ခွဲခြားဖိနှိပ်မှုမျိုးမဆို ဆန့်ကျင်မယ်၊ အဖိနှိပ်ခံ ပြည်သူတွေရဲ့ သွေးစည်းညီညွတ်တဲ့ ရုန်းကန်လှုပ်ရှားမှုတွေနဲ့ ရင်ဆိုင်ရတဲ့ ပြဿနာအရပ်ရပ်ကို ကျော်နင်း အောင်မြင်နိုင်မယ် ‌. ‌. ‌. လို့ ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက်ကို အတိအလင်းဖော်ပြထားတယ်။ အဲ့ဒီ ရပ်တည်မှု၊ ယုံကြည်မှုအတိုင်း နွေဦးတော်လှန်ရေးမှာ တိုက်ပွဲဝင်ပြည်သူလူထုကြီးနဲ့အတူ လက်တွဲပူးပေါင်း တိုက်ပွဲဝင်ခဲ့တယ်။ တော်လှန်တဲ့ ပြည်သူတွေရဲ့ နည်းသဏ္ဍာန်ပေါင်းစုံ လှုပ်ရှားမှုတွေမှာ ဆက်စပ် ပူးပေါင်း ပါဝင်ခဲ့တယ်။

အခု ၃ နှစ်တာ လွန်မြောက်လို့ တော်လှန်ရန်နှံ့သင်းပျံ့တဲ့ မတ်လဟာ တကြော့ ပြန်လည်ရောက် ခဲ့ပြီ။ ပြည်သူ့ရန်သူ စစ်အုပ်စုအတွက် မရဏ–ခေါင်းလောင်းသံလည်း မြည်ဟိန်းလာခဲ့ပြီ။ ပြည်သူ့ သဘောထားကို စော်ကားချေနင်းဖို့ အားထုတ်ခဲ့တဲ့ ရာဇဝတ်မှု၊ တနည်း စစ်အာဏာသိမ်းမှုကို စ’ ကျူးလွန်လိုက်တဲ့ (၁၊ ၂၊ ၂၀၂၁) မှာကတည်းက အာဏာသိမ်းစစ်အုပ်စုဟာ နိုင်ငံရေးသက် ကုန်ခဲ့ပြီ။ ဘယ်လိုဖုတ်သက်သွင်း အစိမ်းတိုက် နည်းမျိုးနဲ့မှ ဗမာပြည်သူတွေရဲ့ မျက်မှောက်မှာ စစ်အာဏာရှင်စနစ် ဆိုတာ နိုင်ငံရေးတန်ဖိုးအရ နာလန်ထူစရာမရှိ၊ ဘုံးဘုံးလဲကျခဲ့ပြီ ဖြစ်တယ်။ သူ့လက်ထဲမှာ ကြွင်းကျန်နေတဲ့ အုပ်ချုပ်ရေးယန္တရား၊ စစ်ယန္တရားတွေကို ခြေကန်ပြီး လူမျိုးပေါင်းစုံပြည်သူတွေကို မည်းမည်းမြင်သမျှ ဖမ်း သတ် မီးရှို့ ပုံးကျဲ သွေးရူးသွေးတန်း အကြမ်းဖက်တန်ပြန်ခဲ့သမျှ လက်ပန်းကျခဲ့ပြီ။ ၁၀၂၇ ညီနောင် ၃ ဖော်က စ’လိုက်တဲ့ စစ်ရေးအလှည့်အပြောင်းမှာ နိုင်ငံရေးသက်အပြင် ရပ်ယန္တရားတွေလည်း အသက်ငင်နေပြီလို့ ဆိုရမယ်။ တော်လှန်အင်အားစုတွေရဲ့ ဖြစ်ပေါ်တိုးတက်ရမှုဟာ သဘာဝကျကျ နှေးကွေးပေမယ့် ၃ နှစ်တာ ကာလအတွင်း ဖြည်းဖြည်းမှန်မှန် ဖွံ့ဖြိုးနေတယ်။ စစ်အုပ်စုဟာ သူ့သင်္ချိုင်းဆီ သူ့ဖာသာ တရွေ့ရွေ့ တိုးသွားနေတယ်။ အခု စစ်မှုမထမ်းမနေရဆိုတဲ့အမိန့် ထုတ်ပြန်မှုဟာ သေမင်းငင်ခိုက် သွေးရူးသွေးတမ်း အာခေါင်ခြစ် ဟစ်လိုက်တဲ့ အော်မြည်သံပဲ။ အသံကြိုးတွေ ကွဲပြတ် လည်ချောင်းနာတဲ့ ဝေဒနာသာ မသေမီ အဆစ် ထပ်ခံစားရရုံပဲရှိမယ်။

နွေဦးတော်လှန်ရေး – ပြည်သူခုခံစစ်ဟာ လက်နက်ကိုင်တိုက်ပွဲကို အဓိက အခြေခံပြီး အခြား တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ ပေါင်းစပ်လှုပ်ရှားရတဲ့ တိုက်ပွဲပဲ။ သေခါနီး စကစရဲ့ စစ်မှုထမ်းဥပဒေဆိုတာ အခြား တိုက်ပွဲသဏ္ဍာန်ပေါင်းစုံ တိုက်ပွဲမျက်နှာစာပေါင်းစုံ တိုးချဲ့ဖြစ်ပေါ်လာဖို့ သူကိုယ်တိုင် အသိမဲ့မဲ့ လမ်းဖွင့်ပေးမိတာ ဖြစ်တယ်။ ဒါ့ကြောင့် မတ်လရဲ့ တော်လှန်ရနံ့ကို တဝကြီး ရှူရှိုက်ကြပါစို့။ အတွေးဟောင်း နည်းနာဟောင်းတွေအစား အခွင့်အလမ်းသစ်ကို ရဲရဲကိုင်ဆုပ်ပြီး တိုက်ပွဲအရှိန်ကို မြှင့်ကြ ပါစို့။ တိုက်ပွဲမျက်နှာစာတိုင်းမှာ အလုပ်တူ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုတိုးချဲ့ပြီး သွေးစည်းညီညွတ်မှုနဲ့ အောင်ပွဲဆီ ချီကြပါစို့။

■

*ရည်ညွှန်း။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေနိုင်ငံရေးသဘောထား (၂၀၂၁)*




# မတ်လတော်လှန်ရေး

မိုးကုပ်ကုပ်ဝယ်
အို ရုတ်တရက်၊ မျဉ်းဖြူစက်၍
ကွဲအက်ကြောင်းရာ၊ ဟ ...ဟ လာပြီး
မိုးပြာကိုဖြတ်၊ ပတ္တမြားရည်
စီးလည်အဟုန်၊ နီမြန်းကုန်သည်
အရုဏ်ပေါ်စ ဝိုးတဝါး။ ။

မှုန်မွှားမွှားလျှင်
ဝိုးဝါးတိတ်ဆိတ်၊ ကြယ်ရောင်ရိပ်ဝယ်
မြစ်ဆိပ်နှင့်လည်း၊ မနီးမဝေး
ချောင်းရိုးဘေးမှ၊ ဖြေးဖြေးညင်းညင်း(ဖြည်းဖြည်းညင်းညင်း)
လှေတစင်းထက်၊ တောတွင်းသားပျို
ဖျဉ်လက်တိုနှင့် ကိုယ်ကိုဝပ်၍
စိုက်စိုက်ရွှေ့သည်၊ ခြောက်သွေ့မြက်ထုံး
ကောက်ရိုးဖုံးလျက်၊ ကွယ်ပုန်းဝှက်လာ
ယူကာလက်ထောက်၊ အလျှားမှောက်သည်
လှေအောက်ဝမ်းမှ စက်သေနတ်။ ။

အမှောင်ရိပ်ဝယ်
မှေးမှိတ်ငြိမ်သက်၊ ချောင်းကွေ့ထက်တွင်
အုပ်ယှက်ထွေးရော၊ သင်ပေါင်းတော၏
နောက်ကျောစေးပျစ်၊ သောင်ရေစစ်မှ
ဖက်ဆစ်ကင်းစောင့်စစ်စခန်း။ ။

ချောင်းကိုကွေ့သော်
တွေ့လျှင်တွေ့ချင်း၊ မြေငူရင်းသို့
ချဉ်းကပ်လှော်ကာ၊ နီး၍လာလျှင်
အသာရုတ်ချင်း(ရုတ်ခြည်း)၊ တိတ်ဆိတ်မင်းကို
ဖြိုခွင်းပြင်းထန်၊ သေနတ်သံသည်
မြစ်ယံပဲ့တင်ထပ်သတည်း။ ။

ငွေလရောင်လျှင်
အမှောင်ညရိပ်၊ သေးသေးစိပ်သား
မိုးထိပ်တိမ်မော်၊ ငြိမ့်ငြိမ့်ပေါ်သည်
စန္ဒော်ပြုံးလှည့်၊ ငုံ့ကာကြည့်ရှင့်
ထွန်းသည့်ညဉ့်ခါ၊ ထိန်ထိန်သာသော်
ကျယ်စွာဝန်းလျား၊ လယ်ကွင်းနားမှ
တောဖျားညို့အုပ်၊ မှိတ်တုတ်တုတ်လျှင်
ယိမ်းလှုပ်ပြကာ၊ မီးအိမ်ဝါနှင့်
အာကာပြာမှိုင်း၊ တွဲလဲဆိုင်း၍
ဖြူဝိုင်းစက်စက်၊ ဆင်ဿက်မှ
လက်လက်ရောင်ထင်၊ ကျသွင်သွင်သည်
လေယာဉ်ပေါ်မှ စစ်ရိက္ခာ။ ။

ရွာတရွာကား
မှိုင်းပြာမည်းညို့၊ မီးရှို့လောင်ကျွမ်း
တင်းဝင်ရမ်းကြောင့်၊ ပရမ်းပတာ
ထွက်ပြေးရှာရ၊ လဟာသွေ့သွေ့
ခိုးငွေ့ဝေဝေ၊ မီးလောင်မြေမှ
နွမ်းခွေပျောင်းယဲ့၊ ညင်းလေဖွဲ့က
သဲ့သဲ့ခွေးဟောင်သံတကား။ ။

ခရေပွင့်လျှင်
ကြွေရင့်ဝါဝါ၊ မြေဦမှာလျှင်
ရောကာပေါင်းယှက်၊ တောင်းသစ်ရွက်နှင့်
တဝက်မောင်းနီ၊ လေ့လည်လည်ကို
လေချီသုတ်ဖြူး၊ နီဝါကူးသည်
နွေဦးပေါက်မို့ ရော်ရွက်ကြွေ။ ။

ရင့်ကြွေညောင်းသည်
ရွက်ဟောင်းစွန့်ပစ်၊ ဘဝသစ်သို့
သနစ်ပြောင်းမည်၊ ဖူးသစ်မီသည်
အနီထဲမှ ကြယ်ဖြူပွင့်။ ။

**ဒဂုန်တာရာ**
တာရာမဂ္ဂဇင်း၊ ၁၉၄၇

လွန်ခဲ့တဲ့ ၇၉ နှစ်က အခုလို မတ်လမှာပဲ ကျနော်တို့ပြည်သူတွေ ဂျပန်ဖက်ဆစ်တွေကို တော်လှန်တိုက်ခိုက်ခဲ့ကြတယ်။ ဗိုလ်မှူးဗထူးရဲ့ အထက်ဗမာပြည်တပ်က မတ်လ ၈ ရက်နေ့မှာ မန္တလေးစစ်ဒေသမှာ စတိုက်ခဲ့တယ်။ တနိုင်ငံလုံး နေရာအနှံ့ကိုတော့ စီစဉ်ထားတဲ့အတိုင်း မတ်လ ၂၇ ရက်နေ့မှာ စတိုက်ခဲ့ကြတယ်။

စစ်တိုင်းကြီး ၁၀ တိုင်း ဖွဲ့စည်းထားတယ်။ စစ်တိုင်းတခုတိုင်းမှာ စစ်ရေးတာဝန်ခံ တဦး၊ နိုင်ငံရေးတာဝန်ခံ တဦး ထားရှိတယ်။ စစ်တိုင်းတွေရဲ့လှုပ်ရှားမှုတိုင်းဟာ အဲဒီတာဝန်ခံ ၂ ဦးရဲ့ စီမံခန့်ခွဲမှုအောက်ကနေ စနစ်တကျ ဆောင်ရွက်ခဲ့ကြတယ်။ အဲဒီ စစ်တိုင်း ၁၀ ခုလုံးက ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ အဖွဲ့ချုပ်ကြီး)ရဲ့ ခေါင်းဆောင်မှုအောက်ကနေ တိတိကျကျ လှုပ်ရှား ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။

အဲဒီ ဖဆပလ အဖွဲ့ချုပ်ကြီးကို ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှာ ဖက်ဆစ်တွေရဲ့ ဓားရိပ်အောက်မှာပဲ လျှို့ဝှက်ဖွဲ့စည်းခဲ့ကြတယ်။ ဖက်ဆစ်ကင်ပေတိုင်တွေရဲ့ မျက်ခြေမပြတ် စောင့်ကြည့်နေမှုအောက်ကပဲ စည်းရုံးရေး၊ ဝါဒဖြန့်ချိရေး၊ ပြောက်ကျားတပ်ဖွဲ့ ဖွဲ့စည်းရေးနှင့် နိုင်ငံရေး စစ်ရေး သင်တန်းတွေ ပို့ချလေ့ကျင့်ရေးကိစ္စတွေကို လျှို့လျှို့ဝှက်ဝှက် လုပ်ခဲ့ကြတာဖြစ်တယ်။

# ဒုတိယဖက်ဆစ်တော်လှန်ရေးကြီးအတွက် သော့ချက်

လွန်းနွေငြိမ်း



မဟာမိတ်နဲ့ဆက်ဖို့ အိန္ဒိယကို သခင်သိန်းဖေ(ဦးသိန်းဖေမြင့်)နှင့် သခင်တင်ရွှေတို့ကို လွှတ်တာ၊ မဟာမိတ်နဲ့ တိကျရေရာတဲ့ နိုင်ငံရေး၊ စစ်ရေးဆက်ဆံမှုတွေ ထူထောင်တာ၊ ပြည်တွင်းက မန်းဝင်းမောင်၊ သခင်ဗိုလ်၊ ကာနယ်ချစ်ကောင်းစတဲ့ ရဲဘော် ၇၀ ကျော်ကို လျှို့ဝှက်လမ်းကြောင်းတွေကနေ ခေါ်ယူပြီး သင်တန်းတွေ တက်စေတာ၊ လိုအပ်တဲ့ပြင်ဆင်မှုတွေလုပ်တာ၊ တော်လှန်ရေးကာလမတိုင်ခင် ပြောက်ကျား ဒေသတွေဆီ လေထီးနဲ့ပြန်ဆင်းပြီး ဒေသခံပြောက်ကျားတပ်ဖွဲ့တွေနဲ့ ဆက်စပ်လုပ်ကိုင်ကြတာ၊ မဟာမိတ် တပ်တွေနဲ့ ဟန်ချက်ညီ ချိတ်ဆက် လက်တွဲဆောင်ရွက်တာ စတာတွေ အားလုံးကို ဖဆပလအဖွဲ့ချုပ်ကြီးရဲ့ ခေါင်းဆောင်မှုအောက်ကနေ တီထွင်မှုရှိရှိ ပိရိတိကျစွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဖဆပလအဖွဲ့ချုပ်ကြီးကို ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အရေးတော်ပုံပါတီ(နောက် ဆိုရှယ်လစ်ပါတီလို့ ပြောင်းလဲခေါ်ဝေါ်ခဲ့)တို့က ဦးဆောင်ဖွဲ့စည်းခဲ့ကြတာ ဖြစ်တယ်။ နောက်ပိုင်းမှာ ရခိုင်အမျိုးသား အစည်းအရုံး၊ ကရင်ဗဟိုအဖွဲ့ချုပ်နဲ့ အာရှလူငယ်များအစည်းအရုံးတို့ ပါဝင်လာခဲ့ကြတယ်။

ဝင်ရိုးတန်း ၃ နိုင်ငံအဖြစ် ဂျာမဏီ၊ အီတလီတို့နဲ့ မဟာမိတ်ဖွဲ့ထားတဲ့၊ တရုတ်အပါအဝင် အရှေ့အာရှ တခွင်တပြင်လုံးကို တိုက်ခိုက်သိမ်းပိုက်ထားတဲ့၊ မြန်မာနိုင်ငံမြောက်ပိုင်း လီဒိုလမ်းမကြီးကနေ အင်ဖာတိုက်ပွဲကို တိုက်ပြီး အိန္ဒိယကိုတောင် သိမ်းဖို့ပြင်ဆင်နေတဲ့၊ အင်မတန်အင်အားကြီးတဲ့ ဖက်ဆစ် တပ်ကြီးကို ကျနော်တို့ ဘာကြောင့် နိုင်အောင်တိုက်နိုင်ခဲ့တာလဲ။ ဖဆပလအဖွဲ့ချုပ်ကြီးနဲ့ ပြောက်ကျား တပ်ဖွဲ့တွေကို အရှေ့တောင်အာရှရဲ့ မဟာမိတ်စစ်သေနာပတိ ဗိုလ်ချုပ်လော့မောင့်ဘက်တန်က ထုတ်ပြီး ချီးကျူးဂုဏ်ပြုရတဲ့အထိ ဖက်ဆစ်တွေကို ပြတ်ပြတ်သားသား ဘာကြောင့် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြ တာလဲ။ ဘာကြောင့်အောင်ပွဲကို အရယူနိုင်ခဲ့တာလဲ။

ဒါတွေဟာ ဒီနေ့ နွေဦးတော်လှန်ရေးကြီးအတွက် ကျနော်တို့ ယူကြရမယ့် သင်ခန်းစာတွေ ဖြစ်တယ်လို့ ယူဆပါတယ်။

၁။ ဂျပန်ဖက်ဆစ်တွေဟာ လူမျိုးစုံမြန်မာပြည်သူတရပ်လုံးအတွက် လူမဆန်အောင်ရက်စက်တဲ့၊ လက်နက်အားကိုး ဗိုလ်ကျအနိုင်ကျင့်တဲ့ ဖိနှိပ်အုပ်စိုးသူ ဖြစ်တယ်။ ဖက်ဆစ်တပ်ဟာ လူမျိုးစုံမြန်မာပြည်သူ တရပ်လုံးရဲ့ ဘုံရန်သူဖြစ်တယ်လို့ ပြတ်ပြတ်သားသား မြင်ကြတယ်။

၂။ လက်နက်နဲ့ ဗိုလ်ကျအနိုင်ကျင့်နေတဲ့သူကို လက်နက်နဲ့ ပြန်တော်လှန်တိုက်ခိုက်မှ ရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်တယ်။ ဒီနည်းကလွဲလို့ အခြားနည်း မရှိဘူးဆိုတာ တိတိကျကျ ခံယူတယ်။

၃။ အဲဒီကာလ မြန်မာ့နိုင်ငံရေးရဲ့ ရှေ့ဆုံးတန်းအဖွဲ့အစည်းတွေအကုန်လုံးက တဖွဲ့ကိုတဖွဲ့ အပြန်အလှန် တန်ဖိုးထားပြီး ခိုင်မာတဲ့တပ်ပေါင်းစုကြီးအဖြစ် ဖဆပလအဖွဲ့ချုပ်ကြီးကို တည်ဆောက်နိုင်ခဲ့တယ်။

၄။ နိုင်ငံရေးတာဝန်ခံတွေ၊ စစ်ရေးတာဝန်ခံတွေ ဦးဆောင်တဲ့ စစ်တိုင်းတွေကို တပ်ပေါင်းစုကြီးရဲ့ ခေါင်းဆောင်မှုအောက်မှာ စနစ်တကျ ဖွဲ့စည်းကာ စုပေါင်းခေါင်းဆောင်မှုကို အပြည့်အဝ ကျင့်သုံးနိုင်ခဲ့တယ်။

၅။ တပ်ပေါင်းစုရဲ့ မှန်ကန်တဲ့ခေါင်းဆောင်မှုအောက်မှာ ဘယ်လိုအခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှား ရဲတဲ့၊ တိုင်းပြည်အတွက် အသက်စွန့်ရန် မကြောက်တဲ့ ပြောက်ကျားတပ်တွေကို ဖွဲ့စည်းနိုင်ခဲ့တယ်။

၆။ လျှို့ဝှက်ရေးကို အပြည့်အဝ နားလည်ကြတယ်၊ ကွက်တိ ကျင့်သုံးခဲ့ကြတယ်။

၇။ အချိန်ကျလာတဲ့အခါ ပြည်သူတရပ်လုံးပါဝင်တဲ့ ပြည်သူ့စစ်ပွဲကြီးအဖြစ် တိုက်ပွဲဆင်ခဲ့ကြတယ်။

၈။ နိုင်ငံတကာနဲ့ ဂုဏ်သိက္ခာရှိရှိ ချိတ်ဆက်ပြီး မြန်မာ့အရေးကို ကမ္ဘာ့အရေးနဲ့ ဆက်စပ်လက်တွဲ

ဆောင်ရွက်နိုင်ခဲ့တယ်။ နိုင်ငံတကာအကူအညီကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့တယ်။

အခြားအချက်အလက်တွေ ရှိနိုင်သေးပေမယ့် အဓိကအားဖြင့် ဒီ ၈ ချက်ဟာ ကျနော်တို့ အလေးထားရမယ့် အချက်တွေ ဖြစ်တယ်လို့ ယူဆပါတယ်။ ဒီအချက်တွေနဲ့ ပြည့်စုံရင် ဘယ်လောက် အင်အားကြီးတဲ့ ရန်သူကိုမဆို ဖြိုချဖျက်သိမ်းပစ်နိုင်တယ်လို့ သမိုင်းလက်တွေ့များအရ သက်သေပြခဲ့ပြီ ဖြစ်ပါတယ်။

ချုပ်ပြီး ပြောရရင်

- ရန်သူအပေါ် အမြင်ပြတ်ရမယ်။ ဘုံရန်သူ အမြစ်ပြတ်ချေမှုန်းရေးအပေါ် ရှင်းလင်းရမယ်။
- တိုက်ပွဲသဏ္ဍာန်၊ တိုက်ပွဲနည်းနာ၊ တိုက်ပွဲလမ်းစဉ်တွေအပေါ် ယုံကြည်ရမယ်။
- တနိုင်ငံလုံးကို လွှမ်းခြုံနိုင်တဲ့၊ တမျိုးသားလုံးကို ကိုယ်စားပြုတဲ့ ခိုင်မာတဲ့တပ်ပေါင်းစုကို စုဖွဲ့ရမယ်။
- တပ်ပေါင်းစုကြီးရဲ့ ဦးဆောင်မှုကို ခံယူပြီး စုပေါင်းခေါင်းဆောင်မှုရှိရှိ တိုက်ပွဲဆင်ရမယ်။
- တပ်တွေက နိုင်ငံရေးတာဝန်ခံ၊ စစ်ရေးတာဝန်ခံတို့ရဲ့ စီမံခန့်ခွဲမှုအရ လုပ်ဆောင်ရမယ်။
- ပြည်သူတရပ်လုံးပါဝင်တဲ့ ပြည်သူ့စစ်ပွဲကြီးအဖြစ် ဆင်နွှဲကြရမယ်။
- နိုင်ငံတကာရဲ့ ကူညီဝန်းရံမှုကို ထိထိရောက်ရောက် အသုံးချရမယ်။

ဒီအချက်တွေဟာ အောင်ပွဲအတွက် သော့ချက်တွေဖြစ်တယ်လို့ ယူဆပါတယ်။ ဒီအချက်တွေကို သင်ခန်းစာ အဖြစ် ရယူပြီး မအလရဲ့ ဖက်ဆစ်စစ်တပ်ကို အမြစ်ဖြတ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။

ကျနော်တို့မှာ ဘယ်အချက်တွေ ရှိနေပြီလဲ။

ဘယ်အချက်တွေ ထပ်ဖြည့်ဖို့ လိုနေသေးလဲ။

ဘယ်အချက်တွေက အားကောင်းပြီး ဘယ်အချက်တွေက အားနည်းနေသေးလဲ။

အားကောင်းပြီးသားတွေ ပိုအားကောင်းအောင် တည်ဆောက်ပြီး၊ အားနည်းနေတာတွေ အားကောင်းလာအောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ အင်မတန်အင်အားကြီးတဲ့ ဂျပန်ဖက်ဆစ်တွေကို မြန်မာ့မြေပေါ်ကနေ အပြီးအပိုင်တိုက်ထုတ်ပစ်ခဲ့ကြသလို မအလရဲ့ဖက်ဆစ်စစ်တပ်ကိုလည်း နိုင်ငံရေး ထဲကနေ အပြီးအပိုင် တိုက်ထုတ်ပစ်ကြရမှာ ဖြစ်ပါတယ်။ သမိုင်းသင်ခန်းစာတွေကို လက်တွေ့တိုက်ပွဲ အတွက် အလုပ်လမ်းညွှန်များအဖြစ် အသုံးပြုပြီး ညီညီညွတ်ညွတ် တိုက်ပွဲဝင်ရင်း အောင်ပွဲကို အရယူကြပါစို့ လို့ အလေးအနက် အကြံပြု တိုက်တွန်းအပ်ပါတယ်။

ဖက်ဆစ်တော်လှန်ရေးစိတ်ဓာတ်ကို ကိုင်စွဲ တိုက်ပွဲဝင်ကြ။

ဘုံရန်သူ ဖက်ဆစ်တပ်ကို အမြစ်ဖြတ်ချေမှုန်းနိုင်ရေးအတွက် ညီညီညွတ်ညွတ် တိုက်ပွဲဝင်ကြ။

ဒုတိယ ဖက်ဆစ်တော်လှန်ရေးကြီး မုချ အောင်ရမည်။

(ဖက်ဆစ်တော်လှန်ရေးကြီးနှင့် ဒုတိယ ဖက်ဆစ်တော်လှန်ရေးကြီးအတွင်း စွန့်လွှတ်ပေးဆပ်ခဲ့ကြတဲ့၊ သဏ္ဍာန်အမျိုးမျိုးနဲ့ တိုက်ပွဲဝင်နေကြတဲ့ ရဲဘော်အပေါင်းအား ဦးညွှတ်အလေးပြုလိုက်ပါတယ်။)

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ မတ်လ၊ ၂၀ ရက်။



# နိုင်ငံရေးဦးတည်ချက် (၅) ရပ်ကို ဆွေးနွေးခြင်း

ကိုဘာ

၂၀၂၁၊ ဒီဇင်ဘာလ ဗဟိုစည်းရုံးရေးကော်မတီအစည်းအဝေးက အတည်ပြုခဲ့တဲ့ အထွေထွေ နိုင်ငံရေးသဘောထား (၂၀၂၁) မှာ ပါတီရဲ့ နိုင်ငံရေးဦးတည်ချက် (၅) ရပ်ကို ဖော်ပြထားတယ်။

- ♦ စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး
- ♦ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ အာမခံနိုင်ရေး
- ♦ ငြိမ်းချမ်းရေး
- ♦ အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမ'ခံနိုင်သော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေး
- ♦ အစဉ် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ် တည်ဆောက်ရေး

နိုင်ငံရေးဦးတည်ချက် (၅) ရပ်ကို ဖော်ပြတဲ့အခါ ''လတ်တလောအားဖြင့်''ဆိုတဲ့ ဝိဂြိုလ်ပြုမှု ပါ'ပါတယ်။ လက်ရှိ ဖြစ်နေ ရင်ဆိုင်နေရတဲ့ အခြေအနေတွေအရ အခြေခံကျတဲ့ လိုအပ်ချက်များအပေါ် စဉ်းစား ချဉ်းကပ်မှုကနေ ဖြစ်လာတဲ့ ဦးတည်ချက်ထားမှုတွေပါ။ ဗမာပြည် လူ့အဖွဲ့အစည်းရဲ့ ဖြစ်ပေါ်တိုးတက်မှု ပကတိ အခြေအနေအရပ်ရပ်ကို မှန်ကန်တဲ့ သမိုင်းရေးအမြင်နဲ့ သုံးသပ်ပြီး ဆိုတဲ့ စကားရပ်ကလည်း ဒီအဓိပ္ပာယ်ကို ထပ်ဆင့်လေးနက်စေတယ်လို့ ဆိုရပါမယ်။ ဒီနေ့ ရင်ဆိုင်နေကြရတဲ့ အမျိုးသားဖိနှိပ်မှု အပါအဝင် မတရားဖိနှိပ်မှုအပေါင်းက လွတ်မြောက်ပြီး ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတရပ်

ဖြစ်လာဖို့ ဆိုတဲ့ စကားရပ်တွေအရ လက်ရှိအခြေအနေတွေအပေါ် သုံးသပ်ရုံမျှမကတော့ဘဲ ရှေ့ကို ဘယ်လို ဖြစ်ကောင်းတယ်၊ ဘယ်လို ဖြစ်သင့်တယ် ဆိုတဲ့ ယုံကြည် မျှော်မှန်းမှုကိုပါ ဖော်ပြထားတယ်။ ဒီတော့ နိုင်ငံရေးဦးတည်ချက် တရပ်ချင်းအပေါ် အသေးစိတ် ကြည့်ကြရအောင်။

**စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး**

ဒီကနေ့ လက်တွေ့တွေက စစ်အာဏာရှင်စနစ်ဟာ လူမျိုးပေါင်းစုံ ဗမာပြည်သူတို့ရဲ့ လိုအပ်ချက်နဲ့ လိုလားချက်တွေကို ရက်ရက်စက်စက် ချိုးနှိမ် အနိုင်ကျင့်နေတာ မျက်ဝါးထင်ထင် မြင်ရတယ်။ ၂၀၂၁၊ ဖေဖော်ဝါရီ စစ်အာဏာသိမ်းခဲ့ချိန်က စ'ပြီး အကုန်ဖမ်း အကုန်သတ် အကုန်မီးရှို့ . . . . ဆိုတဲ့ ပြည်သူကို ဆန့်ကျင်တဲ့ ရိုင်းစိုင်း ရက်စက်မှုတွေ တောက်လျှောက် ကျူးလွန်ခဲ့တယ်။ ၁၉၄၈ ခုနှစ်က စ'လို့ ပြည်ထောင်စု တည်ဆောက်နိုင်ရေးအပေါ် နိုင်ငံတော် အချုပ်အချာအာဏာအပေါ် စစ်အင်အား အားကိုးနဲ့ အကြိမ်ကြိမ် သစ္စာဖောက်ခဲ့တာ၊ မိုက်ကြေးခွဲ စီးပွားရှာခဲ့တာ စစ်အုပ်စု၊ စစ်အာဏာရှင်ပဲဆိုတာ ငြင်းမရဘူး။ ဒါ့ကြောင့် စစ်အုပ်စု၊ စစ်အာဏာရှင်၊ စစ်ဗျူရိုကရေစီယန္တရား ဆိုတဲ့ စစ် ၃ စစ် (စစ် အကျိုးစီးပွား/ စစ်အာဏာရှင်စနစ်) ကို ဆုံးခန်းတိုင် သုတ်သင် ဖျက်သိမ်းနိုင်မှသာ လူမျိုးစုံပြည်သူတွေရဲ့ လိုအပ်ချက်၊ လိုလားချက်တွေကို ဖြည့်ဆည်း အကောင်အထည်ဖော်နိုင်မယ်။ ဒါ့ကြောင့် စစ်အာဏာရှင်စနစ် အမြစ်ဖြတ် သုတ်သင်ရေး ဆိုတာ နွေဦးတော်လှန်ရေးရဲ့ ရည်မှန်းချက်ထဲမှာလည်း အထင်အရှားပါနေတယ်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ အာမခံနိုင်ရေး၊ ငြိမ်းချမ်းရေး**

ဒီနေ့ လက်တွေ့တွေအရ ဗမာပြည် လူမျိုးစုံပြည်သူတွေဟာ ဘာ ဒီမိုကရေစီအခွင့်အရေးမှ မရှိ၊ ရိုက်ချိုးဖျက်ဆီးခံထားကြရတဲ့ အခြေအနေပဲ။ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးတွေ ချိုးဖောက်ခံနေကြရတာ (အခွင့်အရေး ချိုးဖောက်ခံကြရရုံမက) ရက်ရက်စက်စက် တရားလက်လွတ် သတ်ဖြတ် အနိုင်ကျင့်ခံနေကြရတာ မျက်မြင်အရရော၊ သတင်းမီဒီယာ ဖော်ပြချက်တွေ အရရော၊ လူချင်းဆောင်လာတဲ့ တဆင့်စကားတွေအရပါ လူတကာသိ ကိစ္စတွေပဲ။ ပါတီအနေနဲ့လည်း (၇၆) နှစ်ကြာ ပြည်တွင်းစစ်ကြီးရဲ့ အဓိက အခြေခံအကြောင်းအရင်းဟာ ဒီမိုကရေစီ အခွင့်အရေးများ ဆိတ်သုဉ်းခြင်းနဲ့ တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ဆုံးရှုံးရခြင်း ၂ ချက်ကြောင့် ဖြစ်တယ်လို့ သုံးသပ်ထားတယ်။ ဒီကိစ္စဟာ တတိယဦးတည်ချက်နဲ့ တဆက်တည်းလည်း ဖြစ်တယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို အပြည့်အဝ အာမခံနိုင်ပါမှ၊ ပြည်တွင်းငြိမ်းချမ်းရေး ဒေသတွင်း ငြိမ်းချမ်းရေးတွေ ရှိခါမှ လူမျိုးပေါင်းစုံ ပြည်သူတွေ လိုချင်တဲ့ ဖိနှိပ်မှုတွေကင်းစင်ပြီး ငြိမ်းချမ်းသီညွတ် လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်ရရှိနိုင်လိမ့်မယ်။ တကယ်တော့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးက စလို့ . . . ငြိမ်းချမ်းရေး အထိ ဦးတည်ချက် ၃ ရပ်လုံးဟာ တဆက်တစပ်တည်းဖြစ်တယ်။

**အမျိုးသားများ၏တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေး**

ဗမာပြည်ဟာ ဗြိတိသျှကိုလိုနီအဖြစ်က အချုပ်အချာအာဏာပိုင်တဲ့ လွတ်လပ်တဲ့ အမျိုးသား

နိုင်ငံတရပ် ထူထောင်ဖို့ ပြင်တဲ့အခါ ကိုလိုနီအဖြစ် သိမ်းပိုက် ကျွန်ပြုခံ ဒေသတွေ လူမျိုးစုတွေ အတူတူ စုပေါင်းပြီး လွတ်လပ်ရေး ယူကြမယ်၊ ပြည်ထောင်စုတရပ်အဖြစ် တူတူစုပေါင်း တည်ဆောက်ကြမယ်လို့ အဲ့ဒီကာလ နိုင်ငံရေးခေါင်းဆောင်တွေက သဘောညီခဲ့ကြတယ်။ ပဒေသရာဇ်ဘုရင်များ လက်ထက်၊ ဗြိတိသျှကိုလိုနီဘဝ၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဖြတ်သန်းမှု၊ ကမ္ဘာ့အခြေအနေနဲ့ အနာဂတ်ဗမာပြည်အလားအလာတွေအပေါ် လက်တွေ့ကျကျ တွက်ချက်ပြင်ဆင်မှု ဖြစ်တယ်။ အမြော်အမြင်ကြီးတဲ့ စိတ်ကူးစိတ်သန်း ဖြစ်တယ်။ ဒါပေမဲ့ တကယ်တန်း လွတ်လပ်ရေးဆိုတာကို ရယူဖို့ ပြင်ဆင်တဲ့လုပ်ငန်းတွေ၊ ရယူပြီးနောက် စီမံခန့်ခွဲခွင့်အာဏာကို ချယ်လှယ်ခွင့်ရှိသူများရဲ့ တကယ်တန်း ပြုမူဆောင်ရွက်မှုတွေအောက်မှာ ဒီနေ့အထိ ဘာပြည်ထောင်စုမှ တကယ် မပေါ်ပေါက်ခဲ့ဘဲ ရှိစုမဲ့စု အမျိုးသားသွေးစည်းညီညွတ်ရေးကလေး ဘုန်းဘုန်းကျ ပြိုကွဲခဲ့ရတာပဲ အဖတ်တင်တယ်။ သမိုင်းဖြတ်သန်းမှု၊ ပကတိ အနေအထား၊ အနာဂတ်အလားအလာ စတဲ့ တကယ့် အခိုင်အမာအခြေအနေတွေအရ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေး ဆိုတာ လူမျိုးစုံ ဗမာပြည်သူတွေရဲ့ ဘဝအရရော ဆန္ဒအရပါ ကိုက်ညီတဲ့ ဦးတည်ချက်ပဲ။

## အစဉ် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ် တည်ဆောက်ရေး

ဒီဦးတည်ချက်နဲ့ပတ်သက်ရင် အရှင်းလင်းဆုံးပြောပြစရာကတော့ လက်ရှိစစ်အုပ်စုရဲ့ တမိုက်တထွာ ဉာဏ်မျိုးနဲ့ ထင်ရာလုပ်–အကြွားသန်နေတဲ့ အပေါ်ယံ ခဏတာ ရုပ်ဝတ္ထု ပေါကြွယ်ရေး အလုပ်မျိုးနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်လို့ ပြောရမယ်။ အပေါ်ယံ ခဏတာ ရုပ်ဝတ္ထု ပေါကြွယ်ရေးလောက်သာ၊ ဝါကြွားကြော်ငြာထိုးရေးလောက်သာ အနှစ်သာရရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုတိုင်းဟာ ရေရှည်မှာ လူ့အဖွဲ့အစည်းအတွက် အကျိုးနစ်နာစေတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ပေါ်ပေါက်စေတယ်။ သဘာဝဝန်းကျင်ထိခိုက်မှု၊ လူမှုထိခိုက်နစ်နာမှု၊ လူမှုတရားမျှတမှု ကင်းမဲ့တာကြောင့် နောက်ဆက်တွဲပေါ်ပေါက်တဲ့ ပဋိပက္ခနဲ့ မငြိမ်သက်မှုတွေ၊ ရေရှည်မှာ ခဏပန်းကြွယ်ဝမှုထက် အဆမတန်ပိုတဲ့ စီးပွားရေးဘဝ ပြန်လည်ထိခိုက် ဆုံးရှုံးမှု စတဲ့ အန္တရာယ်ရလဒ်တွေကို လမ်းဖွင့်ပေးလိုက်ရာ ရောက်တယ်။ လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားအတွက် ရေရှည်ဖြစ်နိုင်ခြေတွေကို သေချာခန့်မှန်းတွက်ချက်ပြီးမှ ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စနစ်တကျ ဖော်ဆောင်ခြင်း၊ လူမှုတရားမျှတမှုအခြေအနေနဲ့ အလားအလာတွေကိုပါ ထည့်သွင်း စီမံထားနိုင်ခြင်း တို့ကသာ အစဉ်ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ခြင်းဖြစ်တယ်။

အခု ဖော်ပြခဲ့တာဟာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ နိုင်ငံရေးဦးတည်ချက် ၅ ရပ် (၂၀၂၁) ကို မိတ်ဆက် ဆွေးနွေးခြင်းပဲ ဖြစ်တယ်။ ပါတီရဲဘော်တိုင်း မိမိတို့ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်များနဲ့ ပတ်သက်ရင် ရှင်းရှင်းလင်းလင်းနဲ့ စွဲစွဲမြဲမြဲ ခံယူနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ကိုဘာ**

*စာညွှန်း။ ။ မိုင်ဂျာယန် – တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ မျက်နှာစုံညီ အစည်းအဝေး၏ ပင်လုံလက်စွဲစာအုပ်*




# နွေဦးရဲ့အမျိုးသားသွေးစည်းညီညွတ်မှုသနွေ

နီနီ

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ကျနော်တို့တိုင်းပြည်မယ် ဖက်ဆစ်တွေကို မောင်းထုတ်တဲ့ လူထုရဲ့ တော်လှန်ရေးလှုပ်ရှားမှုတွေဟာ တပေါင်းတန်ခူး နွေဦးကာလတွေနဲ့ပဲ ကြုံခဲ့ရတယ်။ ဆုံနေရတယ်။ ၁၉၄၅ ခုနှစ်က အခုလို နွေဦးရာသီမှာပဲ နယ်ချဲ့ဖက်ဆစ်ဂျပန်တွေကို ကျနော်တို့ ပြည်သူတွေ အမိမြေပေါ်က မောင်းထုတ်ခဲ့ကြတယ်။ နှစ်ပေါင်း ၇၀ ကျော်ကြာပြီး ၂၀၂၁ခုနှစ် ကနေ့ နွေဦးကာလတွေမှာပဲ ကျနော်တို့ ပြည်သူတွေက ပြည်တွင်းဖြစ် ဖက်ဆစ်လက်သစ် စစ်ဝါဒီတွေကို ကျနော်တို့ မြေပေါ်က မောင်းထုတ်ပြီး သင်္ဂြိုဟ်ပစ်ဖို့ လုံးပန်းနေကြတယ်။

ဒီလို ကြိုးစားတဲ့နေရာမယ် အခုခေတ်စားနေတဲ့ အပြောအဆိုတွေနဲ့ဆို Generation Z, Generation Y, Generation X အားလုံးကို လမ်းပေါ်တွေမယ်၊ တိုက်ပွဲမျက်နှာစာအသီးသီးမယ် တွေ့ကြရမှာ ဖြစ်တယ်။ Generation Z တွေရဲ့ ကြိုးစားမှုတွေကိုတော့ အလေးပြုကြရပါလိမ့်မယ်။

မျိုးဆက်အသီးသီးတင် မကပါဘူး။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ လူတန်းစားအလွှာအစုံ ကျား မ မရွေး၊ ဆင်းရဲ ချမ်းသာ မရွေး တတိုင်းပြည်လုံးကို ကနေ့ ပြည်တွင်းဖြစ် ဖက်ဆစ်တွေကို တော်လှန်တဲ့ ကာလမယ် တွေ့ကြရမှာ ဖြစ်တယ်။ စစ်ဝါဒီတွေကတဖက်၊ လူမျိုးစုံပြည်သူလူထုကြီးကတဖက် ဖြစ်နေတဲ့ ကနေ့ကာလ တိုင်းပြည်ရဲ့ ပဋိပက္ခကို ထင်ထင်ရှားရှား တွေ့မြင်နေရတယ်။

ဒါကို အဆိုးတွေထဲက အကောင်းလို့ ဆိုချင်တယ်။ လွတ်လပ်ရေးနဲ့အတူ ပြိုကွဲခဲ့ရတဲ့ ကျနော်တို့ တိုင်းပြည်ရဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကို ကျနော်တို့ မှုန်ပျပျ ပြန်ပြီး မြင်ကြရပြီ။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအတွင်းမှာလည်း နိုင်ငံရေးပါတီတွေ၊ ဘာသာရေး လူမှုရေးအသင်းအဖွဲ့တွေ၊ လူမျိုးစုံပြည်သူတွေ သွေးစည်းညီညွတ်ရေးကို တော်လှန်ရေးနဲ့အတူ တည် ဆောက်နိုင်ခဲ့ကြတယ်။

တိုင်းပြည်ရဲ့ကံကြမ္မာပဲလို့ ဆိုရမလားမသိ။ ဖက်ဆစ်တော်လှန်ရေးအတွင်းမှာ တည်ခဲ့တဲ့ အမျိုးသားသွေးစည်းညီညွတ်မှုသန္ဓေဟာ လွတ်လပ်ရေးရအပြီးမှာပဲ စစ်ဝါဒကြောင့်၊ ဂိုဏ်းဂဏတွေကြောင့် သားလျှောခဲ့ရတယ်။ ပြည်တွင်းစစ်မီး တောက်ခဲ့ရတယ်။ အဲ့ဒီစစ်မီးက ကနေ့အထိ မငြိမ်းသေးဘူး။

အခု ၂၀၂၁ နွေဦးတော်လှန်းရေးကတော့ ပြည်တွင်းစစ်ကို ငြိမ်းသတ်ပစ်မယ့် လက္ခဏာတွေ၊ ပြည်တွင်းဖြစ်ဖက်ဆစ်တွေကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မယ့် လက္ခဏာတွေ၊ တိုင်းပြည်အတွင်းက အမျိုးသား အသီးသီးရဲ့ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်ပေးမယ့် လက္ခဏာတွေ အထင်အရှား တွေ့နေရတယ်။

ဒီတော်လှန်ရေးကြီးအတွင်းမှာပဲ မျိုးဆက်အသီးသီး၊ လူမျိုးအသီးသီး၊ လူတန်းစားအလွှာအသီးသီးရဲ့ စုစည်းမှုကို တွေ့နေရတယ်။ ဒါ့အပြင် လက်နက်ကိုင်၊ လက်နက်မကိုင် နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ဖေးမကူညီမှုတို့ကိုလည်း တွေ့နေကြရတယ်။

အမှန်တော့ ဒီပူးပေါင်းဆောင်ရွက်မှုနဲ့ တော်လှန်းရေးကြီးအတွင်းမယ် ပြည်သူအသီးသီးရဲ့ ပါဝင်မှုတွေဟာ ကျနော်တို့တိုင်းပြည်မယ် နှစ်ကာလကြာရှည်စွာ ပျောက်ဆုံးနေတဲ့ အမျိုးသားသွေးစည်း ညီညွတ်မှု(ဝါ) အမျိုးသားအသီးသီးရဲ့ သွေးစည်းညီညွတ်မှုသန္ဓေလို့ ကျနော် ဆိုချင်တယ်။ ဒီ နွေဦး တော်လှန်ရေးအတွင်းမယ် တည်နေတဲ့ ဒီသန္ဓေကို ကျနော်တို့ အောင်အောင်မြင်မြင် မွေးဖွားကြရလိမ့်မယ်။

နွေဦးတော်လှန်ရေး အောင်ရမှာဖြစ်တယ်။ အောင်မြင်အောင် ကျနော်တို့ ကြိုးစားရင်း ကျနော်တို့ တော်လှန်ရေးအတွင်းမယ် တည်နေတဲ့ အမျိုးသားသွေးစည်းညီညွတ်မှုသန္ဓေကိုလည်း ကျန်းမာလာအောင်၊ ကြီးထွားလာအောင်၊ အောင်အောင်မြင်မြင် ဖွားမြင်နိုင်အောင် ကျနော်တို့ ဂရုတစိုက် ကြိုးစားကြပါစို့၊ ကျနော်တို့ ပေးဆပ်ကြပါစို့။

နီနံ




# မတရားတဲ့အမိန့်အာဏာဟူသမျှတာဝန်အရဖီဆန်ကြ

ကြယ်စင်မြစ်

စစ်အုပ်စုဟာ အကြမ်းဖက်မှုတွေ၊ စစ်ရာဇဝတ်မှုတွေကို ဆယ်စုနှစ်ပေါင်းများစွာ ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်ခဲ့တာဖြစ်တယ်။ ကျူးလွန်နေတာဖြစ်တယ်။ ခုလည်း ကျမတို့ရဲ့ လူ့အသိုင်းအဝိုင်းကြားထဲမှာ လက်စားချေလိုစိတ်တွေ၊ အမုန်းတရားတွေကို ဆွပေးနေတယ်။ သူတို့ကို ဒီလိုမျိုး တော်လှန်လို့ရှိရင် ဒီလိုမျိုး ဖြစ်လိမ့်မယ်ဆိုတာကို ပြချင်တဲ့အနေနဲ့ PDF ရဲဘော်တွေကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်တဲ့၊ ရက်စက်ကြမ်းကြုတ်တဲ့ ဗီဒီယိုဖိုင်ကို အချိန်ကိုက် ထုတ်ပြန်ခဲ့တယ်။ ဘာလို့လဲဆိုတော့ ဒီအဖြစ်အပျက်က ၂၀၂၃ ကတည်းက ဖြစ်ခဲ့တာ။ ဗီဒီယိုဖိုင်ကို လေ့လာကြည့်တဲ့အခါမှာ သေချာတည်းဖြတ်ထားတာ တွေ့ရတယ်။ စစ်အုပ်စုက သူတို့ရဲ့စစ်အင်အား ကျဆင်းနေမှု၊ ပြိုကွဲနေမှု၊ စစ်သားအင်အား အရင်းအမြစ် မရှိတော့မှုကို ကာကွယ်တဲ့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ ထွက်လာချိန်မှာ ဒီဗီဒီယိုလည်း ထွက်လာတာဟာ တော်တော့်ကို တိုက်ဆိုင်နေတယ်။ ရည်ရွယ်ချက်ရှိရှိ လုပ်တာဖြစ်တယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်သွင်းမယ်လို့ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှာ အာဏာသိမ်းစစ်အုပ်စုက ကြေငြာခဲ့တယ်။ ၁၃ ရက်နေ့မှာတော့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းတဲ့အကြောင်းကို ကြေငြာလိုက်တယ်။ အဲဒါကိုကြည့်ရင် သူတို့မှာ တိကျခိုင်မာတဲ့ စီမံချက်မျိုးရှိတာ မဟုတ်ဘဲနဲ့ နွေဦးတော်လှန်ရေးမှာ ထုနဲ့ထည်နဲ့ ရှေ့တန်းကနေပါဝင်နေကြတဲ့ လူငယ်၊ လူလတ်ပိုင်း မျိုးဆက်ကို ပစ်မှတ်ထားပြီး ဖိနှိပ်တဲ့သဘောကို ကျမတို့ ရှင်းရှင်းလင်းလင်းတွေ့နိုင်တယ်။ ဗိုလ်ချုပ်ဇော်မင်း

ထွန်း ပြောကြားချက်ထဲမှာ ပြည်ပထွက်ပြီး အလုပ်လုပ်နေတဲ့သူတွေ၊ ကျောင်းတက်နေတဲ့သူတွေလည်း စစ်မှုထမ်းဥပဒေမှာ အကျုံးဝင်တယ်လို့ ကြားရတယ်။ အဲ့ဒီအချက်က တနိုင်ငံလုံးကို စိန်ခေါ်လိုက်တာပဲ ဖြစ်တယ်။

စစ်ဟာ ကိုယ်နဲ့မဆိုင်ဘူးလို့ ယူဆလို့မရတော့ဘဲ လူတိုင်းလူတိုင်း၊ မိသားစုတိုင်းရဲ့ အိမ်တံခါးကို ခေါက်လာပြီဖြစ်တယ်။ အခုဆိုရင် ရန်ကုန်မြို့မှာ လူသွားလူလာများတဲ့ နေရာဒေသတွေ လမ်းမတွေပေါ် မှာတောင် လူငယ်တွေကို အတင်း ဆွဲလားရမ်းလားနဲ့ ဖမ်းတာဆီးတာတွေ လုပ်နေကြတယ်။ ညဘက်မှာ အိမ်တံခါးခေါက်ပြီးတော့ ဧည့်စာရင်းစစ်မလိုနဲ့ အိမ်ပေါ်ကနေဆွဲချပြီး ဖမ်းသွားတာတွေ ရှိတယ်။ နယ်တွေမှာလည်း ပေါ်တာဆွဲတာ စတဲ့သတင်းတွေ ကျမတို့ ကြားနေရတယ်။ ဖမ်းထားတဲ့ လူငယ်တွေကို ငွေနဲ့ရွေးခိုင်းတယ် ဆိုတာလည်း ကြားပြီးတော့ ကြေးဘယ်လောက်ပေါက်တယ် စသဖြင့် ဒါမျိုးတွေလည်း ကျမတို့ ကြားနေရတယ်။ အဲ့ဒီတော့ သူတို့ရဲ့ စီမံချက်က လူဖမ်းဖို့နဲ့ ငွေညှစ်ပြန်ပေးဆွဲဖို့ တရားဝင်ခွင့်ပြုတဲ့ စီမံချက်လို့ ပြောလို့ရတဲ့ အခြေအနေဖြစ်တယ်။

အဲ့ဒီလို အလုပ်တွေကို လုပ်နိုင်ဖို့အတွက် ဒီဥပဒေကို အသက်သွင်းလာတဲ့ စစ်အုပ်စုက အကြမ်းဖက်ပြီး အာဏာလုထားတာ ဖြစ်တယ်။ ဒီလို စစ်မှုထမ်းဥပဒေမျိုးဆိုတာက တခြားနိုင်ငံနဲ့ စစ်ဖြစ်နေတဲ့ ကိစ္စမျိုးတွေမှာ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် သို့တည်းမဟုတ် အခြားအကြောင်းကြောင်းတွေကြောင့် တရားဝင်အစိုးရတရပ်ကသာ ပြဋ္ဌာန်းခွင့်ရှိတဲ့ ဥပဒေမျိုးဖြစ်တယ်။ အကြမ်းဖက်ပြီး အာဏာလုထားတဲ့ စစ်အုပ်စု၊ ဘယ်လိုနည်းမျိုးနဲ့မှ တရားဝင်မှုမရှိတဲ့ စစ်အုပ်စုအနေနဲ့ ပြဋ္ဌာန်းနိုင်တဲ့ ဥပဒေမဟုတ်ပါဘူး။ ဒီစစ်အုပ်စုကို ကြည့်လိုက်မယ်ဆိုရင် အာဏာတော့ သိမ်းထားတယ်၊ အာဏာက သူတို့လက်ထဲမှာ ရှိတယ်လို့ ပြောလို့ရတယ်။ သို့သော်လည်းပဲ ဒီအာဏာသိမ်းစစ်အုပ်စုဟာ ဘယ်လောက်တောင် ညံ့ဖျင်းနံချာသလဲဆိုရင် စစ်ရေးပဲကြည့်ကြည့် နိုင်ငံရေးကိုပဲကြည့်ကြည့် ဘာစွမ်းဆောင်ရည်မှ မရှိဘူး။ ဘယ်အလုပ်မှ ဟုတ်ဟုတ်ငြားငြား ဖြစ်လာတာ မတွေ့ရဘူး။ လူတွေအပေါ်မှာ ရက်စက်တာ၊ ကြမ်းကြုတ်တာ၊ ဖိနှိပ်တာ၊ အနိုင်ကျင့် ဗိုလ်ကျတာ အဲ့ဒီအလုပ်တွေကိုပဲ သူတို့ သေချာလုပ်နိုင်တာ ဖြစ်တယ်။ ဆိုတော့ ခုနကပြောခဲ့တဲ့ စစ်မှုထမ်းဥပဒေဆိုတာက လုပ်ခွင့်မရှိတဲ့ သူတွေရဲ့ တရားမဝင်တဲ့ လုပ်ရပ်ဖြစ်တယ်။ အဲ့ဒီတော့ တိုင်းပြည်မှာ ကသောင်းကနင်းတွေ ဖြစ်လာခဲ့ရင် နောက်ဆက်တွဲ ဖြစ်လာသမျှတွေကို စစ်အုပ်စုက တာဝန်ခံရမှာ ဖြစ်တယ်။ ဒါအတွက် စစ်အုပ်စုခေါင်းဆောင်တွေကသာ အဓိကတာဝန်အရှိဆုံး ဖြစ်တယ်။

ကျမတို့ ၈၈ – ၉၀ ဝန်းကျင်ကာလက မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြဆိုပြီး လုပ်ခဲ့ကြတာ ရှိခဲ့တယ်။ အခု အဲ့ဒါမျိုးကို ဘယ်လိုနည်းနဲ့ ပြန်လုပ်မလဲဆိုတာ အားလုံး ဝိုင်းပြီးတော့ စဉ်းစားကြရမှာဖြစ်တယ်။ စစ်အုပ်စုက မတရားပြဋ္ဌာန်းလိုက်တဲ့၊ အသက်သွင်းလိုက်တဲ့ ဒီဥပဒေကို ပြည်တွင်းပြည်ပမှာရှိတဲ့ နွေဦးတော်လှန်ရေးဘက်တော်သားတွေ၊ တရားမျှတမှုကို လိုလားတဲ့သူတွေ အားလုံးက ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းမျိုးစုံကို သုံးပြီးတော့ ဆန့်ကျင်ကြ၊ တိုက်ဖျက်ကြရမှာ ဖြစ်တယ်။ ကျမတို့ လက်ရှိဖြစ်နေတဲ့ တော်လှန်ရေးအဆင့်တွေ၊ တော်လှန်ရေးလက်တွေ့တွေကို ရန်သူက သင်ပေးခဲ့တာပဲ ဖြစ်တယ်။ အဲ့ဒီအပေါ်မှာ ကျမတို့ တဖြည်းဖြည်းနဲ့ ရင့်သန်လာပြီးတော့ တော်လှန်ရေးကို ဒီအခြေအနေအထိရောက်အောင် တောင့်ခံပြီး ဆင်နွှဲလာနိုင်ကြတာ ဖြစ်တယ်။ ဒါ ကျမတို့ရဲ့ တကယ့်လက်တွေ့ပဲဖြစ်တယ်။


တော်လှန်ရေး သုံးနှစ်တာကာလကို ကျမတို့ ဖြတ်သန်းပြီးတဲ့အခါ အားသာချက်တွေ၊ အားနည်းချက်တွေ အများကြီးတွေ့လာရတယ်။ ဒီအတွေ့အကြုံတွေကိုရယူရင်းနဲ့ တော်လှန်ရေးကို ဦးဆောင်ဦးရွက်ပြုနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ တော်လှန်ရေးမှာ ပါဝင်နေတဲ့သူတွေ အထူးသတိထားရမယ့်ကိစ္စရှိတယ်။ အဲဒါကတော့ လူငယ်တွေကြားထဲ၊ ပြည်သူတွေကြားထဲမှာ ပြော ပြောနေကြသလို အသက်တွေကဈေးမပေါပါဘူး။ အသက်ဆိုတာ ဘယ်တော့မှအစားပြန်မရဘူး။ အခု ကျမတို့ပြည်သူတွေ အသတ်ခံနေရတယ်။ ကျမတို့ရဲဘော်တွေ အသတ်ခံနေရတယ်။ ကျဆုံးနေရတယ်။ ဒီလိုကိစ္စတွေ ကျော်လွှန်နိုင်ဖို့ကျော်လွှားနိုင်ဖို့ဆိုတာ တော်လှန်ရေးအောင်မှ ဖြစ်မယ်ဆိုတာ အားလုံးသိနေကြတဲ့ကိစ္စ ဖြစ်တယ်။ တော်လှန်ရေးအောင်မြင်အောင် သွားတဲ့နေရာမှာ သေသေချာချာ သတိပြုကြဖို့ တိုက်တွန်းချင်တာကတော့ ကိုယ့်ကိုကိုယ်၊ ကိုယ့်အဖွဲ့အစည်းကို ဗဟိုပြုမှုတွေကို တတ်နိုင်သမျှ လျှော့ချကြဖို့ပါပဲ။

နောက်တခုအနေနဲ့ ပြောချင်တာကတော့ နွေဦးတော်လှန်ရေးမှာ ပါဝင်လာတဲ့ မြောက်ပိုင်းညီနောင်သုံးဖွဲ့ရဲ့ ၁၀၂၇ စစ်ဆင်ရေးရလဒ်တွေ ကျမတို့ မြင်နေရတယ်။ ကျမတို့အားလုံး နှစ်ထောင်းအားရ ဖြစ်ရတယ်။ ဒါက စုစည်းညီညွတ်မှုရဲ့ အင်အားပဲ၊ ရလဒ်ပဲ။ ဒါရဲ့ ရလဒ်အနေနဲ့ စစ်ကိုင်း၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ ချင်း၊ ကချင်၊ ကရင်နီ၊ ရခိုင် အစရှိတဲ့ဒေသတွေမှာ စုစုပေါင်း မြို့ လေးဆယ်ကျော်ကို တော်လှန်ရေးဘက်တော်သားတွေ ရထားပြီ။ ဒါတွေကို ဆက်ပြီးတော့ ထိမ်းထားနိုင်ဖို့၊ ဒီထက်ပိုပြီးတော့ လွတ်မြောက်ဒေသတွေ၊ စစ်အုပ်စု အုပ်ချုပ်ခွင့်မရနိုင်တဲ့ ဒေသတွေ ပိုပြီးတိုးပွားလာဖို့အတွက် စစ်ရေးအရ ညီညွတ်မှုက ဒီထက်ပိုပြီး လိုအပ်နေသေးတယ်။ တပြိုင်နက်တည်းမှာ နိုင်ငံရေးအရ စုစည်းညီညွတ်မှုရှိဖို့လည်း အရေးကြီးတာမို့ ခုဏကပြောသလို အတ္တတွေ၊ မာန်မာနတွေ လျှော့ချပြီး တော်လှန်ရေးအောင်မြင်အောင် ဆောင်ရွက်ဖို့က အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

အခုဆိုရင် ရခိုင်ဒေသမှာ မြို့တွေအတော်များများ သိမ်းပိုက်နိုင်တာကို ကျမတို့ အင်မတန်ဝမ်းသာအားရဖြစ်ရတယ်။ နောက် မွန်ပြည်သစ်က လူငယ်ခေါင်းဆောင်တွေကနေပြီး NCA ဆိုတာအလကားပဲ။ ဒီစစ်အုပ်စုက စေ့စပ်ဆွေးနွေးနေလို့ ရတဲ့အဆင့် မဟုတ်တော့ဘူး။ တိုက်မှရမယ်လို့ ကြေညာချက် ထုတ်တယ်။ ဒါတွေကို ကျမတို့ ကြိုဆိုတယ်။ တဖွဲ့လုံး တိုက်နိုင်ပြီဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။ ဒီ လက်နက်ကိုင်တော်လှန်ရေးမှာ လူငယ်မျက်နှာသစ်ခေါင်းဆောင်တွေ ရှေ့တန်းရောက်လာတယ်။ တမျိုးသားတည်း လွတ်မြောက်ရုံနဲ့မရဘူး။ အမျိုးသားအားလုံးလွတ်မြောက်မှ ငါတို့နိုင်ငံ လွတ်မြောက်မှာဖြစ်တယ်ဆိုတဲ့ မှန်ကန်တဲ့သဘောထားအမြင် သူတို့ဆီမှာရှိနေတာကို ကျမတို့ တွေ့ရတယ်။

ချုပ်ပြောရရင်တော့ ရင်နာစရာတွေ၊ စိတ်ပူပန်စရာတွေ၊ သောကတွေကို ခွန်အားအဖြစ် ပြောင်းလဲပြီး ဒီစစ်အုပ်စုကို ဘယ်လိုမျိုး အပြတ်ချကြမလဲ။ တော်လှန်ရေးရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ အရောက်လှမ်းနိုင်အောင် ဘယ်လိုလုပ်ကြမလဲ ဆိုတာက ကျမတို့အားလုံးရဲ့တာဝန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တော်လှန်ရေးအင်အားစုတွေ ကြားထဲမှာ မကျေလည်သေးတဲ့ကိစ္စတွေကို ကျေလည်အောင်ဆွေးနွေးပါ။ ဘုံပန်းတိုင် တူသူတွေဖြစ်တာကြောင့် အလုံးစုံ မကျေလည်သေးခင်မှာ တချက်တူရင် တချက်ပေါင်းပြီး ရှေ့ကိုမြန်မြန်ရောက်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ကိစ္စက ကျမတို့ကြားထဲမှာ အရေးတကြီးဆောင်ရွက်ဖို့ ကိစ္စဖြစ်တယ်လို့ ပြောချင်ပါတယ်။

**ကြယ်စင်မြစ်**



# နိုပြည်သူတွေ ပင့်ကူအိမ်သဖွယ်

ဈေးညှ

နွေဦးတော်လှန်ရေးဆိုတဲ့ တော်လှန်ရေးကာလ မရောက်ခင်မှာ ကျွန်တော်တို့ ပြည်သူလူထုဟာ တခါဖူးမှ မကြုံခဲ့ရဖူးတဲ့ ကပ်ဆိုးကြီး ကိုဗစ် တော်လှန်ရေးကာလကိုလည်း အိမ်အတွင်းမှာနေပြီး ကျန်းမာရေးဌာနက ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာဖို့ တယောက်နဲ့တယောက် ဆော်ဩရင်း ရင်ဆိုင်ဖြတ်ကျော်လာခဲ့ရတယ်။ စေတနာ့ဝန်ထမ်းတွေလည်း အများအပြား ပေါ်ပေါက်လာပြီး ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ရပ်ကွက်၊ ကျေးရွာတွေ စသဖြင့်မှာ လိုက်လံကူညီ လုပ်ဆောင်နေတာတွေလည်း တွေ့ရတဲ့ကာလလို့ ဆိုရမယ်။ တိုင်းရင်းသားဒေသတွေမှာဆိုရင် စစ်ပွဲတွေဖြစ်နေရင်းကြားက ရောဂါကပ်ဆိုးကြီးကို ရင်ဆိုင် ခုခံတွန်းလှန်နေရတဲ့ ကာလလည်း ဖြစ်ပါတယ်။

ကပ်ဆိုးရောဂါ ပျံ့နှံ့လာပြီး လူသေနှုန်းတွေ မြင့်လာတဲ့ကာလ၊ အောက်စီဂျင်တွေ တန်းစီရတဲ့ကာလ၊ စက်ရုံအလုပ်ရုံတွေမှာလည်း အလုပ်အကိုင်ရှားပါးတဲ့ကာလ စသဖြင့် အခက်အခဲပေါင်းစုံ အကျပ်အတည်းပေါင်းစုံကို ရင်ဆိုင်နေရတဲ့ကာလလည်း ဖြစ်တယ်လို့ ဆိုရပါမယ်။ နောက်တခါ ဒီ ကိုဗစ်ကာလမှာပဲ ရွေးကောက်ပွဲကာလကို ကိုဗစ်နဲ့အတူ ရင်ဆိုင်ကျော်လွှားရင်း မိမိ သဘောကျနှစ်သက်တဲ့ ရွေးကောက်ပွဲဝင် ပါတီအသီးသီးက ကိုယ်စားလှည်တွေကို မဲပေးရွေးချယ်နိုင်ခဲ့ကြတယ်။ ပြည်သူလူထုဟာ နေ့စဉ် စား ဝတ် နေရေး ဆိုတဲ့ အရာတွေကို လှုပ်ရှားရုန်းကန်နေရင်း တဖက်မှာလည်း မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒီမိုကရေစီအနှစ်သာရကို ဖော်ဆောင်နိုင်ဖို့အတွက် လူထုနဲ့ တိုင်းပြည်အတွက် လုပ်ဆောင်မယ့်ကိုယ်စားလှယ်လောင်းတွေကိုလည်း ရွေးကောက်ပွဲကတဆင့် ရွေးချယ်ဆုံးဖြတ် မဲပေးနိုင်ခဲ့ကြတယ်လို့ ဆိုရမယ့်ကာလလည်း ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ကြံ့ကြံ့ခံ ရပ်တည် လှုပ်ရှားရုန်းကန်နေတဲ့ အဲဒီလိုအခြေအနေကောင်းတွေကနေ ၂၀၂၁ ဖေဖော်ဝါရီလမှာ တိုင်းပြည်ဟာ အနုတ်လက္ခဏာ ဆောင်သွားခဲ့ရပါတယ်။ စစ်တပ်က ပြည်သူလူထုကို ထပ်မံပြီး ဂုတ်သွေးစုတ်တော့မယ့် စစ်အုပ်ချုပ်ရေး အစီအမံတွေနဲ့ တိုင်းပြည်ကို အာဏာသိမ်း

လိုက်တယ်။ ရွေးကောက်ပွဲ မဲမသမာမှုကြောင့်ပါဆိုတဲ့ အကြောင်းပြချက်နဲ့ ပြည်သူတွေဆီက ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တွေကို မတရား အာဏာသိမ်းခဲ့ပါတယ်။ ပြည်သူလူထုတွေဟာ ဒီလို မတရားတဲ့အာဏာသိမ်းမှုကို လက်မခံကြောင်း ပြသတဲ့အနေနဲ့ ည ၈ နာရီရောက်တိုင်း သံပုံးတွေ ဒန်အိုး ဒန်ခွက်တွေတီးပြီး တောထုတ် မောင်းထုတ်တယ်။ ဒါ့အပြင် လမ်းပေါ်ထွက်ပြီး လက်နက်ကိုင်ထားတဲ့သူတွေရှေ့၊ စစ်ကားတွေရှေ့မှာ မိမိတို့ရဲ့ ဆန္ဒအမှန်ကို နည်းအမျိုးမျိုးနဲ့ ထုတ်ဖော်ပြသခဲ့ကြပါတယ်။

ဒီလို ရက်ရှည် လရှည် ထုတ်ဖော်ဆန္ဒပြနေရင်း လက်နက်မပါတဲ့ ပြည်သူတရပ်လုံးရဲ့ရှေ့မှာပဲ စစ်တပ်က လူသတ်ပြတာတွေ လုပ်လာပါတော့တယ်။ ဒီလိုလုပ်ဆောင်လာရင်း ရက်အတန်ကြာသွားတဲ့ အခါမှာတော့ အကြမ်းမဖက် ဆန္ဒပြမှုကနေ စစ်အုပ်စုရဲ့ မတရားတွန်းပို့မှုကြောင့် လမ်းပေါ်ထွက်ဆန္ဒပြသူတွေဟာ တဖြည်းဖြည်းနဲ့ လက်နက်ကိုင်ခုခံမှုဘက်ကို ရောက်သွားပါတယ်။

ဒီနေ့လိုကာလမှာတော့ စစ်အုပ်စုကို လက်နက်ကိုင်ဆန့်ကျင်တော်လှန်နေတဲ့ အဖွဲ့တွေ နေရာအနှံ့မှာ အသီးသီးပေါ်ပေါက်လာပြီး တော်လှန်နေကြတာ၊ အောင်မြင်မှုတွေ ရနေတာကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ စကစရဲ့ နေ့စဉ်မပြတ် စောင့်ကြည့်နေတဲ့ ကြားထဲကနေပြီး မြေပြင်လှုပ်ရှားမှုတွေ စဉ်ဆက်မပြတ် လှုပ်ရှားအောင်မြင်နေတာလည်း မြင်ရမှာဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ သန်ခင်းတမန်ခင်းတွေကို ကြည့်ပြန်ရင်လည်း အရင်ကာလကလောက် မဟုတ်တော့ဘဲ တဖြည်းဖြည်းနဲ့ ဆိုးဆိုးဝါးဝါး ကျဆင်းနေရ၊ အရေးယူပိတ်ဆို့ခံနေရတာတွေကို မြင်နေ ကြားနေရတဲ့ကာလ ဖြစ်ပါတယ်။ တိုင်းရင်းသားတော်လှန်ရေး အင်အားစုတွေ ရှိရာ နေရာမှာလည်း စစ်အုပ်စုက စခန်းတွေ စွန့်ရတာ၊ အလံဖြူထောင်ပြီး လက်နက်ချတာတွေဟာ ဟိုးအရင်နှစ်ကာလတွေလို မဟုတ်တော့တာကို မျက်မြင် မြင်တွေ့နေရတာပဲ မဟုတ်ပါလား။ ''ငါမသေ ငါ့စခန်း မကျစေရ'' ဆိုတဲ့ စစ်တပ်ရဲ့ဆောင်ပုဒ်ဟာလည်း အလံဖြူထောင်ပါတယ် ဆိုတဲ့ စာတန်းရေးဖို့ ပြောင်းလဲသွားရတဲ့အထိ ဖြစ်နေရတဲ့အနေအထားမျိုး ရောက်နေပါတယ်။

ဒီလိုအခြေအနေမျိုးတွေ ရှိနေတဲ့စစ်တပ်ဟာ ယနေ့ကာလအထိ ပြည်သူလူထုကို တခါထပ်ပြီးတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုတဲ့ခေါင်းစဉ်နဲ့ ထုတ်ပြန်ချက်တွေ ထုတ်လာတာ ဘာကြောင့်ပါလဲ။ ပြည်သူလူထုကြီးကို ရန်စ စော်ကားတဲ့အဓိပ္ပာယ် မဟုတ်ပေဘူးလား။

ဒီအခြေအနေမျိုးမှာ ကျနော်တို့ မိဘပြည်သူတွေဟာ ''တယောက်အားဖြင့်ယူသော်မရ၊ တသောင်းအားဖြင့်ယူသော် ရ၏'' ဆိုတဲ့ စကားအတိုင်း ပင့်ကူအိမ်ပမာ စည်းလုံးညီညွတ်မှု၊ မိဘပြည်သူတို့ရဲ့ သံမဏိလိုခိုင်မာလှတဲ့ စုစည်းညီညွတ်နေမှုကို ပြသဖို့ အချိန်တန်ပါပြီ။ စစ်တပ်က မိဘပြည်သူတွေရဲ့ ဘဝ အိုးအိမ်တွေ၊ မိဘပြည်သူတို့ရဲ့ သား သမီး မြေး မြစ်တွေရဲ့ ဘဝတွေနဲ့ မိဘပြည်သူတို့ နေထိုင်ရှင်သန် ရုန်းကန်နေရတဲ့ တိုင်းပြည်ကိုပါ တစစီဖျက်ဆီးပစ်တော့မယ့် စစ်မှုထမ်းဥပဒေကို ဆန့်ကျင်တော်လှန်ဖို့ လိုပါပြီ။

အကျဉ်းချုပ်ပြောရရင်တော့ ''သမိုင်းရေစီးကြောင်းကို တားလို့မရပါဘူး။ ခုဟာ တောင်ပြိုနေတာ၊ ဒါကို စိတ်ကူးယဉ်ပြီး တားမနေကြနဲ့၊ မြေပိကုန်လိမ့်မယ်။ စောစော အာဏာစွန့်ရင် စောစော သက်သာမယ်။'' ဆိုတဲ့ သမိုင်းဝင်စကားတခွန်းနဲ့ပဲ နိဂုံးချုပ်ပါရစေ။

**ဈေးညှ**



# စစ်မှုမထမ်းမနေရဥပဒေကို ဆန်းစစ်ခြင်း

စောဝင်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်မှာ အရင်ရှိနှင့်ပြီးတဲ့ စစ်မှုမထမ်းမနေရ ဥပဒေကို အသက်သွင်းမယ်လို့ ကြေငြာတယ်။ ၁၁၊ ၂၊ ၂၀၂၄ က စပြီး အဲ့ဒီဥပဒေအရလိုလို အသွင်ယူထားတဲ့ လူဖမ်းပွဲတွေ တပြည်လုံးအနှံ့ ပေါ်လာတယ်။ တဖက်ကကျတော့ အခု မတ်လ နောက်ဆုံးရက်သတ္တပတ်အထိ အဲ့ဒီဥပဒေအရ စစ်မှုထမ်းဆင့်ခေါ်ရေး အစီအစဉ်တွေဟာ ရပ်ကွက်အုပ်ချုပ်ရေးတွေကတဆင့် မဲဖေါက်ရုံပဲ တရားဝင် လုပ်ကြရသေးတယ်။

ရှေ့က လက်နက်ကိုင်လူစုတွေရဲ့ လူဖမ်းပွဲတွေကလည်း တိုင်းပြည်အနှံ့ ဆက်ဖြစ်နေတယ်။ သေနတ်၊ ဓား စတဲ့ လက်နက်တွေ ကိုင်ထားပေမယ့် ယူနီဖောင်း မဝတ်ဘူး။ အသုံးပြုတဲ့ ကားတွေကလည်း အရပ်ဖက် အိမ်စီးကားတွေ။ ဒါ့ကြောင့် လက်နက်ကိုင်လူစုတွေလို့ သုံးလိုက်တာ။

အဲ့ဒီမှာ လုပ်ပုံကိုင်ပုံ ၂ မျိုး ၂ ဖုံ ဖြစ်တာ တွေ့ရတယ်။ အရပ်ထဲမှာ၊ လမ်းတွေပေါ်မှာ လူလိုက်ဖမ်းကြတာကတော့ ပုံမှန် ပြန်ပေးဆွဲ ငွေတောင်းတဲ့နည်းပေါ့။ အခု ဥပဒေအရဆိုတဲ့ နည်းစနစ်အသစ်အရ ရပ်ကွက် အုပ်ချုပ်ရေးကတဆင့် အိမ်ရှိလူစာရင်း ယူ၊ အကျုံးဝင်တဲ့ အသက်အရွယ်လူငယ်တွေကိုမဲဖောက်ပြီး မိသားစုက လစ်မပြေးအောင်အာမခံ၊ ခေါ်ရင်လည်း ခေါ်မယ်၊ မခေါ်သေးရင်လည်း တချိန်ချိန်တော့ ခေါ်ခံရလိမ့်မယ်ဆိုတဲ့ နည်းပေါ့။ အဲ့ဒီနည်းမှာ တဆင့်ခံထားတာက ဆေးမအောင်ရင်

ကာလတခု ပြန်လွှတ်ပေးထားမယ်၊ နောက်တသုတ် နောက်တကြိမ် ခေါ်တဲ့အခါ ဆေးအောင်ရင် လိုက်ရမယ် ဆိုတာမျိုးပေ့ါ။ ဒီ ဒုတိယနည်းမှာလည်း လူစာရင်း ယူပုံက လက်နက်ကိုင်တွေနဲ့ လူစုလူဝေးနဲ့ ညှော်စာရင်းစစ်ကြတာလိုလို အလန့်တကြားတွေနဲ့ လူစာရင်း အကောက်ပြ – ငွေတောင်း – ပြန်လွှတ် … ဆိုတာမျိုးတွေ ကြားရပြန်တယ်။ မဲပေါက်လို့ခေါ်သွားတယ် ဆိုတဲ့သူများလည်း ငွေနဲ့ရွေးရင် အိမ်ပြန်ရောက်တယ် ဆိုတဲ့ သတင်းမျိုးတွေလည်း ထွက်လာတယ်။ တကယ်တန်း စာရင်းယူတာ၊ လူခေါ်တာ ရက်ပိုင်းပဲရှိသေးတယ် – တအုပ်တမကြီး ပျော်ပျော်ရွှင်ရွှင် စစ်သင်တန်းတွေ တက်နေကြတဲ့ ဓာတ်ပုံတွေ တက်လာလိုတက်လာ အမျိုးမျိုးတွေ့ရ ကြားကြရတယ်။

သေချာတာက အဲ့ဒီစစ်မှုထမ်းဥပဒေဆိုတာရဲ့ လက်တွေ့ပိုင်းက

၁) အောက်ခြေ အုပ်ချုပ်ရေးပိုင်းနဲ့ လက်နက်ကိုင်လက်ပါးစေတွေကြားမှာ လိုင်စင်ရ လူပြန်ပေးမှု၊ ခြားပြမှုတွေ ပေါ်လာတာနဲ့

၂) လူထုကြား မငြိမ်မသက်မှုတွေ ထုပြောလာတာ (၂) ချက်ပဲ။

လူမျိုးပေါင်းစုံပြည်သူတွေရဲ့ ရင်သွေးလူငယ်တွေက ခုအထိ တုန့်ပြန်ပုံကို အကဲခတ်ကြည့်တော့ နိုင်ငံရပ်ခြားကို ဒါမှမဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများရှိတဲ့ နေရာတွေကို သွားရောက်ဖို့ ကြိုးစားတဲ့နည်းနဲ့ တုန့်ပြန်နေကြတယ်လို့ ဆိုနိုင်တယ်။ သို့သော် သန်းချီရှိကြတဲ့ ဗမာပြည်လူငယ်များရဲ့ အများစုဟာ အထက်ကဆိုခဲ့တဲ့ နည်းမျိုးနဲ့ တုန့်ပြန်နိုင်တဲ့ အခြေအနေနဲ့ အခွင့်အလမ်း ရှိကြလိမ့်မယ် မထင်ဘူး။ နေစဉ် စား ဝတ် နေ ကိစ္စ ရှုန်းကန်ရတဲ့အခြေအနေ၊ မိသားစုတာဝန်၊ အဆက်အသွယ် လမ်းကြောင်း ကင်းမဲ့မှု စတဲ့ ရွေးချယ်စရာ အခွင့်အလမ်းမရှိ ငုတ်တုတ် လည်စင်းခံကြရမယ့် အလားအလာ မကောင်းသူတွေက အများစုဖြစ်လိမ့်မယ်။

အခြားတဖက်က ဆင်ခြင်စရာတချို့ကိုလည်း တို့ထိ ကြည့်ကြဦးစို့။

ဒီနေ့ကာလ နွေဦးတော်လှန်ရေး ပြည်သူ့ခုခံစစ်ဆိုတာ လူမျိုးပေါင်းစုံပြည်သူလူထုကြီးက တဖက် – သေမင်းငင်အခြေဆိုက်နေလို့ သွေးရူးသွေးတန်း ရှုန်းကန်နေတဲ့ အာဏာရူးစစ်အုပ်စုက တဖက် သူသေ–ကိုယ်ရှင် တိုက်ခိုက်နေကြတာ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ် ချေမှုန်းဖို့ ရှုန်းကြွ အာခံလာတဲ့ ပြည်သူများနဲ့ စစ်အာဏာရှင်စနစ်ကို မန်းမှုတ် ဖုတ်သက်သွင်းဖို့ အားထုတ်နေတဲ့ ဖောက်ပြန်တဲ့ စကစရဲ့ အကြားမှာ ပြင်းထန်တဲ့ လက်နက်ကိုင် ပဋိပက္ခ ဖြစ်နေတယ်။ စကစ က အကုန်ဖမ်း အကုန်သတ် အကုန်မီးရှို့ ဘာ့ကြောင့် လုပ်နေတာလဲ ရှင်းတယ်၊ မည်းမည်းမြင်ရသမျှ သူ့ရန်သူချည်း ဖြစ်နေတာကြောင့် ပဲ။ သွက်သွက်လည်အောင်မှ ရူးမနေရင် သူ့ရန်သူ လူငယ်ထုကို သူကိုယ်တိုင် လူစုပေး စစ်ပညာသင်ပေး လက်နက်တပ်ဆင်ပေး … တကယ်လုပ်မှာလား တွေးကောင်း မေးကောင်းတဲ့ ကိစ္စပဲ။ စစ်အုပ်စုဟာ လူအင်အား အသည်းအသန် လိုချင်နေတယ် ဆိုတဲ့ဘက်က စဉ်းစားရင်လည်း သေချာလေ့ကျင့်ထားတဲ့ တပ်ဖွဲ့တွေတောင်မှ ရှုံးပြီးရင်း ရှုံး၊ လက်နက်ချပြီးရင်း လက်နက်ချနေတဲ့ အခြေအနေကို မကွပ်ကဲနိုင် ဖြစ်နေတာ ၂ ရက်နဲ့တပိုင်းလောက် ဖုတ်ပူမီးတိုက် စစ်သင်တန်းဆင်းခိုင်းထားတဲ့ လူသစ်တွေနဲ့ ဘယ်လို စစ်တိုက်နိုင်မလဲ ဒီလိုတွေးရင်လည်း ဒီစီမံချက်က ပေါတောတော ဖြစ်မနေဘူးလား။ လူသစ်တွေကို မြို့စောင့်ခိုင်းပြီး မြို့စောင့်တပ်တွေကို ရှေ့တန်းပို့မလား … ရှေ့တန်းက တပ်သားတွေအပြင် မြို့ပေါ်

တပ်ဖွဲ့တွေကိုပါ တပ်ပြေးလုပ်ကြဖို့ လမ်းဖောက်ပေးရာ မရောက်ဘူးလား။ မြို့စောင့်ချလိုက်တဲ့ လူသစ်တွေကိုရော ဘယ်လောက် စိတ်ချလက်ချ တာဝန်ပေးလို့ရမှာလဲ။ နိုင်အောင် ကွပ်ကနိုင်စွမ်း ရှိလို့လား။ ဒီဘက်ကတွေးရင်လည်း အူလည်ချာလည်စီမံချက်ဖြစ်ကြောင်း သက်သေခံနေတာပဲ။ လူငယ်လူသစ်တွေကို တပ်ဖွဲ့ တပ်သားတွေအဖြစ် မသုံးဘဲ အထုပ်ထမ်းပေါ်တာတွေအဖြစ် သူ့တပ်တွေ ရှေ့က ထားဖို့ လူသားဒိုင်းတွေအဖြစ် သုံးမလား PDF တွေ၊ တော်လှန်တပ်ဖွဲ့တွေဆီ လမ်းကြောင်းမပေါက် အဆက်အသွယ်မရလို့ သူခေါ်ရာ ပါလာသူတွေကို PDF တွေ၊ တော်လှန်တပ်ဖွဲ့တွေနဲ့ အနီးကပ်ဆုံး နေရာတွေဆီ သူ့စရိတ်နဲ့သူ လိုက်ပို့ရာ မရောက်ဘူးလား။ ဒီဘက်က တွေးတော့လည်း စကစရဲ့ စစ်မှုထမ်းစီမံချက်ဟာ နှမ်းထွက်မကိုက်ဖြစ်မယ့် အလားအလာကိုပဲ တွေးလို့ရတယ်။

သချောတဲ့အချက်က (၁) အောက်ခြေ အုပ်ချုပ်ရေးပိုင်းနဲ့ လက်နက်ကိုင် လက်ပါးစေတွေကြားမှာ လိုင်စင်ရ လူပြန်ပေးမှု၊ ခါးပြမှုတွေ ပေါ်လာတာနဲ့ (၂) လူထုကြား မငြိမ်မသက်မှုတွေ ထုပြောလာတာပဲ။

ဒီနေရာမှာ နံပတ် (၂) အချက်က စိတ်ဝင်စားစရာ ဖြစ်နေတာကို ဆွေးနွေးချင်တယ်။ ပြေးစရာ ရှောင်စရာ ပုန်းစရာ မြေမရှိတဲ့ လူငယ်တချို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် ဆိုတဲ့ သတင်းတွေ စကြားလာရတယ်။ ပေးစရာ ငွေလည်း မရှိကြဘူးလေ။ ဒီတော့ လူထုကြား မငြိမ်သက်မှုဆိုတာ အစုလိုက် အပြုံလိုက် သတ်သေကြတဲ့နည်းတော့ မဖြစ်နိုင်ဘူး။ ဒါက တဦးချင်းနည်းပဲ။ နောက်ထပ် တဦးချင်းနည်း အမြောက်အမြားလည်း ကြားလာကြရဦးမှာပဲ။ ဓားနဲ့ ခုတ်တယ်၊ တုတ်နဲ့ ရိုက်တယ် ဆိုတာမျိုးတွေပေါ့။

အထက်ဆိုခဲ့တဲ့ နည်းတွေအပါအဝင် တဦးချင်းနည်းတွေဟာ တကယ့် အဖြေမဟုတ်နိုင်ဘူးလို့ ယူဆမိပါတယ်။ လူထုရဲ့ အကျပ်အတည်း၊ လူထုရဲ့ လူမှုဒုက္ခတွေကို နည်းမှန်လမ်းမှန် ဖြေရှင်းဖို့ဆိုရင် လူထုနည်းကသာ ထွက်ပေါက်မှန် အဖြေမှန်ကို ပေးနိုင်စွမ်းမှာ ဖြစ်ပါတယ်။ အာခံတယ်၊ ခုခံတယ်ဆိုတာ ယေဘုယျ ဟုတ်သယောင်ကိစ္စ ဖြစ်ပေမယ့် တကယ်တော့ လက်ရှိဖြစ်ပေါ်နေတဲ့ ပြည်သူ့ခုခံစစ်နဲ့ မြို့ပြလူထုအုံကြွမှုနဲ့ မပေါင်းစပ်နိုင်ရင် ရှာလည်နေဦးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြေးစရာ မြေ၊ ပေးစရာ ငွေ မရှိတဲ့ လူငယ်ထုကို၊ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကို အရူးချေးပန်း စစ်မှုထမ်းဥပဒေ ဘေးဆိုးက လွတ်ဖို့ဆိုတာ တော်လှန်စစ်ကို အရှိန်မြှင့်ပြီး မြို့ပြလူထုအုံကြွမှုနဲ့ ပေါင်းစပ်နိုင်တဲ့ လမ်းစကို ညီညာဖြိုဖြို ထွင်းဖောက် အားထုတ်ကြရမယ်လို့ မြင်မိကြောင်းပါခင်ဗျား။

**စောဝင်း**